၅၇၀၆
၂၇/၉/၁၅

ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၃/၂၀၁၅)

| | |
|---|---|
| Mr. He Wei(ပိုင်ရှင်/အလုပ်ရှင်)<br>Myanmar Hao Yang အထည်ချုပ်စက်ရုံ၊<br>အမှတ်(၄၉၇)၊ ပိတောက်လမ်း၊ ရွှေလင်ဗန်း<br>စက်မှုဇုန်၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူ |
| နှင့် | |
| ဒေါ်စန္ဒာမိုး(ခ)လင်းလင်း(အလုပ်သမား)<br>အမှတ်(၁၈၄)၊ စံပယ်လမ်း၊ (၁၁)ရပ်ကွက်၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ ပိတောက်လမ်း၊ အမှတ်(၄၉၇)ရှိ Myanmar Hao Yang အထည်ချုပ်စက်ရုံပိုင်ရှင် Mr.He Weiနှင့်အလုပ်သမား ဒေါ်စန္ဒာလင်း(ခ)လင်းလင်းတို့ဖြစ်ပွားသောအငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၆၂/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူ က တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်နစ်နာကြေးပေးရန်တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်များအပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူ မှ အောက်ပါကောက်ချက် (၁)ချက်ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက် ကို ကျေနပ်မှုမရှိ၍လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ အလုပ်ရှင်၊ အလုပ်သမား သဘောတူညီမှုယူမထားသည့်စည်းကမ်းချက်များအား လက်မှတ်ရေးထိုးခိုင်းခြင်းနှင့် အလုပ်မှထုတ်ပယ်ပါက အလုပ်ထုတ်နစ်နာကြေးပေးရန်တောင်းဆိုခြင်းဖြစ်၍ အလုပ်ထုတ်နစ်နာကြေးပေးသင့်/မပေးသင့်။

ဆုံးဖြတ်ချက်အမှတ်(၁)။ (က) အလုပ်ရပ်စဲရာတွင် တစ်လကြိုတင်၍ နို့တစ်ကြေးမပေးဘဲ ရပ်စဲခဲ့သဖြင့် နို့တစ်ကြေးတစ်လစာအား ရက်ပြည့်လုပ်သည့်နောက်ဆုံးထုတ်လစာ( OT မပါ )ဖြင့်ပေးရန်၊

(ခ) အလုပ်သမားမှ ၇-၇-၂၀၁၄ ရက်နေ့တွင် စတင်အလုပ်လုပ်ပြီး ၁၀-၇-၂၀၁၅ ရက်နေ့တွင် အလုပ်မှရပ်ဆိုင်းခြင်းခံရသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)အရ အလုပ်သမားအား လုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ(OT မပါ )တစ်လစာပေးရန်၊ ဆုံးဖြတ်သည်။

၅။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် ပြန်လည်ဆုံးဖြတ်ပေးပါရန် ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြ လျှောက်ထားခဲ့သည့်အတွက် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ်(၄၃/၂၀၁၅)အဖြစ် ပြန်လည်ကြားနာစစ်ဆေးဆုံးဖြတ်ပေးရန် အစိုးရ ကိုယ်စားလှယ် ဒေါ်စန်းစန်း (ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် အလုပ်ရှင်ကိုယ်စားလှယ် ဦးဌေးအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေးတို့ပါဝင်သည့် ခုံအဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ ကန့်ကွက်လွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်းကောက်ချက်များနှင့် သုံးသပ်ချက်များရေးဆွဲပြီး ဆုံးဖြတ်ချက်ချမှတ်လိုက်သည် -

ကောက်ချက်အမှတ်(၁)။ Myanmar Hao Yang အထည်ချုပ်စက်ရုံပိုင်ရှင်ကိုယ်စား၊ ကိုယ်စားလှယ်(ဦးသန်းဝင်း)၏ ထွက်ဆိုချက်နှင့် အလုပ်သမား ဒေါ်စန္ဒာမိုး(ခ)လင်းလင်းတို့၏ ထွက်ဆိုချက်အသီးသီးကို လေ့လာရာတွင် အလုပ်ရှင်သည် အလုပ်အကိုင်ဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုရန် စည်းကမ်းချက်များကို အလုပ်သမားအား လက်မှတ်ရေးထိုးစေသော်လည်း အလုပ်သမားမှငြင်းဆို၍ အလုပ်ထုတ်ခဲ့သဖြင့် အလုပ်ထုတ်နစ်နာကြေးပေးရာတွင် နို့တစ်ကြေးပေးရန် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် အလုပ်ရှင်ဘက်မှ နို့

တစ်ကြေးပေးရန် ဥပဒေအရ နစ်နာသည်ဟု ယူဆသဖြင့် အယူခံ လျှောက်ထားလာခြင်း။

သုံးသပ်ချက်အမှတ်(၁)။

(က) မူလက အလုပ်ရှင်အလုပ်သမား အငြင်းပွားမှုသည် ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂၉ ဖြင့် ထုတ်ပြန်ထားသော ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှု ဥပဒေ ပုဒ်မ ၅(က)(၁)အရ အလုပ်ခန့် ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုပြီး အလုပ်ခန့်ထားရမည်ဖြစ်သော်လည်း အလုပ်ရှင်သည် ဥပဒေပါ ပြဋ္ဌာန်းသတ်မှတ်ချက်ကို လိုက်နာထားခြင်းမရှိကြောင်း သုံးသပ်ရရှိသည်။

(ခ) အလုပ်ရှင်ကိုယ်စားလှယ်သည်အလုပ်သမား၊အလုပ် အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)အရ အလုပ်မှရပ်စဲခံရသော အလုပ်သမားအားအလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားတွင် နို့တစ်ကြေး(၁)လစာပေးရန်ဟူသော စကားရပ်မပါရှိ၍ အလုပ်သမားအားပေးရမည့်နစ်နာကြေးသတ်မှတ်ချက်တွင် နို့တစ်ကြေးပေါင်း၍ အလုပ်ထုတ်နစ်နာကြေး(၂)လစာပေးရမည့်အပေါ် ဥပဒေနှင့် မညီညွတ်ဟု ဆိုကာ ငြင်းဆိုကြောင်း သုံးသပ်ရရှိသည်။

(ဂ) ခုံသမာဓိကောင်စီမှ ဆက်လက်သုံးသပ်ရာတွင် ၁၉၂၉ ခုနှစ်၊ ဝါဏိဇ္ဇပဋိပက္ခမှုအက်ဥပဒေ အောက်ရှိ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီ၏ ဆုံးဖြတ်ချက်များသာဓကဖြစ်သောအလုပ်မှရပ်စဲခြင်းအတွက် နစ်နာကြေးပေးခြင်း(သို့မဟုတ်) အလုပ်ရုံပိတ်နစ်နာကြေးကိစ္စ ဆုံးဖြတ်ချက်သာဓကတွင် အလုပ်သမားများအား အလုပ်ရှင်က အလုပ်ရပ်စဲခြင်းခံရသည့်အတွက် နစ်နာကြေးများပေးရန် သတ်မှတ်ထားမှု၌ နို့တစ်ကြေး(၁)လစာကို သာဓကအဖြစ်ထည့်သွင်းပြဋ္ဌာန်းထားရာ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ- ၅၈ တွင် "The Trade Disputes Act , 1929 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်" ဟုဖော်ပြထားရာ ဥပဒေအရ နို့တစ်ကြေး(၁)လစာသည် အကျုံးဝင်လျှက်ရှိသည်ဟု သုံးသပ်ရရှိသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၉-၈-၂၀၁၅) ရက်နေ့တွင် ချမှတ်ခဲ့သော အငြင်းပွားမှုအမှတ်(၆၂/၂၀၁၅) ပါဆုံးဖြတ်ချက်ကိုအတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးဌေးအောင် | ဒေါ်စန်းစန်း | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |